အပိုင်း - ၇.၅

# ရင်းနှီးမြှုပ်နှံသူများသို့ အကြံပြုချက်များ

## ၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအဆင့် တိုးမြင့်လာစေရန် due diligence များကို သိသာထင်ရှားစွာ ကြိုးပမ်းဆောင်ရွက်ပါ။

ထိုသို့လုပ်ဆောင်ရာတွင် due diligence များအတွက် မူဝါဒများ၊ စနစ်များ၊ အစီရင်ခံချက်များ၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး စိန်ခေါ်မှုများနှင့်ဆက်စပ်သော တုန့်ပြန်ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရာတွင် ပါဝင် လုပ်ဆောင်သင့်သည်။

## ၂။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများနှင့် စေ့စပ်ညှိနှိုင်း၍ ထို ကုမ္ပဏီများသည် မြန်မာနိုင်ငံရှိ ၎င်းတို့၏ဆက်စပ်လုပ်ငန်းများတွင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီ သော (သို့မဟုတ်) ပိုလွန်သော တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေပါသလား ဆိုသည်ကို သေချာစေရန် ဆောင်ရွက်ပါ။

ထိုသို့လုပ်ဆောင်ရာတွင် တိုက်ရိုက်စေ့စပ်ညှိနှိုင်းခြင်း (သို့မဟုတ်) အစုအစပ်ပါဝင်သူများ၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းများ လုပ်ဆောင်သင့်သည်။

## ၃။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စီးပွားရေးလုပ်ဆောင်နေသော ကုမ္ပဏီများမှ အန္တရာယ် များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဆက်စပ်သောသက်ရောက်မှုများကို ၎င်းတို့ မည်သို့ စီမံခန့်ခွဲ ကြောင်းအစီရင်ခံစာတွင် ထည့်သွင်းတင်ပြရန် တိုက်တွန်းသင့်သည်။

ထိုသို့ ထုတ်ဖော်သည့် အစီရင်ခံစာများတွင် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ အတွက် အစီရင်ခံရန် လိုအပ်သည့်အချက်အလက်များ (reporting requirement) အား မူဘောင်အဖြစ် ထည့်သွင်းအသုံးပြု နိုင်သည်။